ကျည်တောင်ကျေးရွာအုပ်စု၊ သာယာဝှမ်းကျေးရွာ

ဧရယျာသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၂၁-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

သာယာဝှမ်းကျေးရွာ၊ ဧရယျာသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	သာယာဝှမ်းကျေးရွာ ကျေးရွာသယံဇာတပြဓေပုံ၊ ဇေယျာသီရိမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၅
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇–၄၉
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၀
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၅၁–၅၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁-၂၀၂၂ ပ(၆)လဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထု အများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဓာတ်စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဒီဇင်ဘာလ၊ ၂၀၂၁ခုနှစ်


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သာယာဝှမ်းကျေးရွာ
ဧရာဝတီရိုးမြို့နယ်

ဧယျာသီရိမြို့နယ်၊ ကျည်တောင်အုပ်စု ၊ သာယာဝှမ်းကျေးရွာ သဘာဝသယံဇာတပြပုံ



ဇေယျာသီရိမြို့နယ်၊ ကျည်တောင်အုပ်စု ၊ သာယာဝှမ်းကျေးရွာ ရွာတွင်း/ရွာပြင်ချိတ်ဆက်မှုပြပုံ





အကောင်းအကျိုး	သက်ဆိုက်စေနိုင်သော အကြောင်းတရား	အလယ်အလတ် ဖြစ်သော အကြောင်းတရား	မဖြစ်သော အကြောင်းတရား	အကျိုးမဖြစ်သော အကြောင်းတရား
ထမင်းဟင်းစုံစင်မှု	များ	သင့်	ရှိသည်	မရှိ
အိပ်ရာအဝတ်	ကောင်း	သင့်	ရှိ	အကျိုးရှိ
ကျိန်းဝပ်မှု ပျက်စီးစေသော အကြောင်းတရား	သင့်	ရှိမှု	ရှိသည်	မရှိ
အဆိပ်ကင်းမှု၊ ဓာတ်ပျက်ခြင်းမရှိ	သင့်	ရှိမှု	ရှိမှု	အကျိုးရှိ

ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ကျေးရွာအုပ်စု ၊ သာယာဝှမ်းကျေးရွာ၏ ဖွံ့ဖြိုးရေးအခြေအနေပြမြေပုံ

ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ကျေးရွာအုပ်စု ၊ သာယာဝှမ်းကျေးရွာ၏ ဥစ္စာဓနအဆင့်ပြပုံ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရရခရိုင်၊ ဇေယျာသီရိမြို့နယ်၏ အလယ်ပိုင်းတွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ အရှေ့လောင်ကျီကျူး (၉၆ ဒီဂရီ ၂၄ မိနစ်)နှင့် မြောက်လတ္တီကျူး (၁၉ ဒီဂရီ ၇၉မိနစ်) ကြားတွင်တည်ရှိပါသည်။ သရက်တောကျေးရွာ၏ အရှေ့ဘက်တွင် ရန်ကုန်-မန္တလေးကားလမ်းဟောင်းရှိပါသည်။ ကျေးရွာ၏ တောင်ဘက်ခြမ်းတွင် ပဲခင်း၊ ငှက်ပျောခင်းများနှင့် လယ်ကွင်းများလည်းရှိပါသည်။ ကျေးရွာ၏အနောက်ဘက်ခြမ်းတွင် ပဲခင်းများနှင့် ဆင်သေချောင်းတို့ရှိပါသည်။ ကျေးရွာ၏မြောက်ဘက်တွင် လေသာတောင်နှင့် မြောက်ဘက်တွင် တိရိစ္ဆာန်ဥယျာဉ်တို့ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဇေယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာ၏ ရွာသီဥတုမှာ ယေဘူယျအားဖြင့် အပူပိုင်း မုတ်သုံရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ (၄၀.၈ံC)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၂.၆ ံC)ရှိပါသည်။ တစ်နှစ် ပျမ်းမျှမိုးရေချိန်မှာ(၄၅")ခန့်ရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ဇေယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာတွင် အိမ်ထောင်စု (၃၅၈)စု၌ ကျား(၈၂၀)ဦး၊ မ(၈၄၃)ဦး၊ စုစုပေါင်း လူဦးရေ (၁၆၆၃)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေ (၆)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၇၅.၅%) ဖြစ်ပြီး လုပ်သားအင်အားရရှိမှု များပါသည်။ အလုပ်လုပ်နိုင်အရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင်သော လူဦးရေထက် အမျိုးသမီးအလုပ်လုပ်နိုင်သောလူဦးရေမှာ ပိုမိုများပြားပါသည်။ အသက်(၆၄) နှစ်နှင့်အထက် သက်ကြီးရွယ်အိုလူဦးရေမှာ ကျေးရွာရှိလူဦးရေ၏(၁၅.၆%)ရှိပြီး ကျန်းမာရေးမှာ အသင့်တင့် ကောင်းမွန်ကြပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇေယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာ လုပ်ငန်းများအလိုက် တက်ကြွစွာ ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက်လူမှုအဖွဲ့

အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ သြဇာသက်ရောက်မှု များကြောင့် ကျေးရွာအကျိုးအဖွဲ့လိုက် ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့် ရရှိထားပါသည်။ သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော အသိအမြင်ဗဟုသုတများအပိုင်း (ဥပမာ- အဖွဲ့အစည်းများဆိုင်ရာ သဘောတရားများ)တွင် လိုအပ် ချက်များ ရှိနေသေးလျက် ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဧရယျာသီရိမြို့နယ်၊သာယာဝှမ်းကျေးရွာတွင်လယ်မြေပိုင်ဆိုင်မှုအသင့်တင့်ရှိသည်။ လယ်မြေပိုင်ဆိုင်မှုနည်းပြီး ယာမြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာတစ်ရွာ လုံးအနေဖြင့် ယာမြေပိုင်ဆိုင်သည့်အိမ်ထောင်စုမှာ ကျေးရွာရှိအိမ်ထောင်စု၏(၄၀)ရာနှုန်းရှိပါသည်။ လယ်မြေကမှာ(၁၅၀)ကေရှိပြီး မြေပဲ၊ နှမ်း၊ ပဲကြီးနှင့် ခရမ်းချဉ်စသည့်သီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။ ဆည်ရေမရှိသည့်အတွက် မိုးရေကိုပဲ အသုံးပြုလျှက်စိုက်ပျိုးကြပါသည်။ မိုးခေါင်သည့်နှစ်များတွင် လယ်စိုက်တောင်သူများမှာ စိုက်ပျိုးစရိတ်များ ဆုံးရှုံးမှုများရှိပါသည်။ အဟန့်အတားအနေဖြင့် စိုက်ပျိုးမြေတိုးချဲ့ရန်နိုင်ခြေ နည်းပါးခြင်း၊ အလုပ်သမားစရိတ်ကြီးမြင့်ခြင်း၊ ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ကျေးရွာတွင် တစ်လလျှင် ချေးငွေလိုအပ်မှုအနေအထားမှာ ယေဘုယျအားဖြင့် အတော်အသင့် မြင့်မားသည့်အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ဘဏ်များအနေဖြင့်လည်း ကျေးရွာအရောက်ဝန်ဆောင်မှုပေးခြင်းများ မရှိသလောက် အားနည်းနေဆဲဖြစ်သလို ကျေးရွာနေပြည်သူအများစုမှာ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိရာလမ်းကြောင်းများမှာ အလှမ်းဝေးနေဆဲဖြစ်ပါသည်။အရင်းအနှီးအလွယ်တကူ မရနိုင်ခြင်းတို့လည်း ဖြစ်ပေါ်နေဆဲဖြစ်ပါသည်။ သီးနှံထွက်နှုန်းများတွင် ပြောင်း၊ မြေပဲ၊ နှမ်း(၁)ဧကအထွက် နှုန်းအများဆုံးဖြစ်ပြီး အခြားသောသီးနှံဖြစ်သည့် စပါးအထွက်နှုန်းမှာ မိုးကောင်း သောက်ဖြစ်သည့်အတွက် အထွက်နှုန်းများ နည်းပါးပါသည်။ အခြေအနေကောင်း တစ်ရပ်အနေဖြင့် စိုက်ပျိုးသီးနှံထွက်နှုန်းများကို ရောင်းချရန် စေ◌ျးကွက်အလုံ အလောက်ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဇယား(၈) သာယာဝှမ်းကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ

စဉ်	ကျေးရွာ	နွား	နို့စားနွား	ဝက်	ဆိတ်	ကြက်	ဘဲ	ကျွဲ
၁	သာယာဝှမ်း	၄၁၈		၇၂	၇၂	၄၀၃	၃၅	၄

ဇယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင်မွေးမြူ လျက်ရှိပြီး၊ စီးပွားဖြစ် မွေးမြူထားခြင်းမရှိပါ။ ကျွဲမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။မွေးမြူရေးလုပ်ငန်း များကို တစ်ပိုင်တစ်နိုင်မွေးမြူလုပ်ကိုင်ကြသော်လည်း နွားမွေးမြူရေးလုပ်ငန်းများ အတွက် စားကျက်မြေ သီးသန့်မရှိပါ။ သီးနှံများရိတ်သိမ်းပြီးချိန်တွင် စိုက်ကွင်းမြေ ပေါ်တွင် လွှတ်၍ကျောင်းပြီး ကောက်ရိုးနှင့် ရိတ်သိမ်းပဲပင်များကို နွားစာအဖြစ် ပြန်လည် အသုံးပြုကြပါသည်။ မွေးမြူရေးဆိုင်ရာအသိ ပညာနှင့်နည်းပညာဝန်ဆောင်မှုများ လိုအပ်လျက်ရှိနေကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဇယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် အစိုးရဝန်ထမ်းများ၊ အခြားဒေသများရှိ ထုတ်ကုန် လုပ်ငန်းများတွင် နေ့စားအဖြစ် သွားရောက်လုပ်ကိုင်ရခြင်း၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ကျောက်ခွဲလုပ်ငန်း၊ ယာဉ်မောင်း၊ ဆိုင်ကယ်ကယ်ရီ၊ စျေးဆိုင်၊ အပ်ချုပ်ဆိုင် လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြပါသည်။ အသက်မွေးဝမ်းကျောင်း၊ အတတ်ပညာ တက်မြောက်မှုနည်းပါးခြင်း၊ ရင်းနှီးမြုပ်နှံနိုင်မှု မရှိခြင်းအပြင် အစိုးရဘဏ်ချေးငွေများ မရှိသောကြောင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အခက်အခဲများ ရှိနေကြပါသည်။ ကျေးရွာနှင့် မြို့ပေါ်လမ်းပန်း ဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန် ပြီး၊ လျှပ်စစ်မီးရရှိသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ထုတ်လုပ်ရန် အခွင့်အလမ်း တစ်ရပ်ပင်ဖြစ်ပါသည်။ နယ်မြေလုံခြုံမှုရှိပြီး လွတ်လပ်စွာ သွားလာရောင်းဝယ်နိုင်သောကြောင့် လမ်းပန်း ဆက်သွယ်ရေးမှာ တစ်နှစ်ပတ်လုံး ရာသီမရွေး သွားလာနိုင်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဇယျာသီရိမြို့နယ်၊ သာယာဝှမ်းရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့်*အိမ်ထောင်စုများသာ စိုက်ဘဏ်ချေးငွေများ ရရှိနိုင်ပါသည်။ အဖွဲ့လိုက်ငွေစု/ငွေချေးအစီအစဉ်ဖြင့် ငွေချေးစနစ်ရှိပြီး အတိုးနှုန်းမှာ (၅%)မှ (၁၀%) ထိရှိပါသည်။ မိတ်ဆွေနှင့်

ဆွေမျိုးများထံမှ ချေးငွေများရှိပြီး၊ အပေါင်ခံပစ္စည်းမလိုအပ်သော်လည်း မြေယာပိုင်ဆိုင်မှုမရှိသည့်အတွက် ယုံကြည်မှုအားနည်းပြီး လူတိုင်းမရနိုင်၊ အလုံအလောက်မရနိုင်ပါ။ ပုဂ္ဂလိက ငွေတိုးချေးစားသူများနှင့် အပေါင်ဆိုင်များမှလည်း ကာလတိုချေးငွေများကို တစ်လလျှင် အတိုးနှုန်း (၅%)မှ (၁၀%)ဖြင့် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် တစ်လလျှင်အတိုးနှုန်း (၁၀%)အထက်ဖြင့် ချေးယူကြရခြင်းများလည်း ရှိကြသည်။ ကျေးရွာတွင် တစ်လလျှင် ချေးငွေလိုအပ်မှု အနေအထားမှာ ယေဘုယျအားဖြင့် အတော်အသင့် မြင့်မားသည့်အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ဘဏ်များအနေဖြင့် လည်း ကျေးရွာအရောက် ဝန်ဆောင်ပေးမှုများ မရှိသလောက် အားနည်းနေဆဲ ဖြစ်သလို ကျေးရွာနေ ပြည်သူအများစုမှာ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရရှိရာ လမ်းကြောင်းများမှာ အလှမ်းဝေးနေဆဲဖြစ်ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဧရယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာတွင် လယ်ယာထွက်ကုန်များ ထုတ်လုပ်နိုင်ပါက ကျေးရွာနှင့်(၁၀)မိုင်ခန့်ဝေးသော အာဟာရသုခစျေးရှိပြီး စျေးကွက်အလုံအလောက်ရှိပါ သည်။ ကုန်စိမ်းနှင့် သားငါးများကို အာဟာရသုခစျေးတွင် အလွယ်တကူဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံးကုန်ပစ္စည်းများအား ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ နှင့်ကားများဖြင့် သယ်ယူပို့ဆောင်လျှက်ရှိပါသည်။ ကျေးရွာတွင် အသုံးပြုမှုအများဆုံး သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့် ကားများကို အသုံးပြုကြပါသည်။ ကျေးရွာသည် နေပြည်တော်ခရိုင်ပတ်လမ်း နှင့်နီးစပ်ပြီးလမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာရှိ ရွာအတွင်းလမ်း များ၏ စုစုပေါင်းအရှည်မှာ အလျား(၂)မိုင်ခန့်ရှိပြီး ကွန်ကရစ်လမ်းဖြစ်ကာ ပေ(၆၅၀၀)မှာ မြေသားလမ်းအမျိုးအစားဖြစ်ပြီး မိုးရာသီအချိန်တွင် အချို့သောရွာအတွင်းလမ်းများမှာ သွားရေးလာရေး ခက်ခဲလျှက်ရှိပါသည်။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

ဧရယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စုမှာ (၇၅%) နှင့် ဆိုလာဖြင့်အသုံးပြုသည့် အိမ်ထောင်စုမှာ **(၁.၅)ရာနှုန်းရှိပြီး** လျှပ်စစ်မီးအသုံးမပြုနိုင်သေးသော အိမ်ထောင်စုမှာ(၂၅%)ရှိပါသည်။ မဟာဓါတ်အား လိုင်း၏ ပြုပြင်ထိန်းသိမ်းမှုစနစ်မှာလည်း ကောင်းမွန်ပါသ**ည်။**

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦး

ဧရယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက် နည်းပညာနှင့်ပတ်သက်၍ အိမ်တိုင်းနည်းပါးနှင့် တယ်လီဖုန်းများ အများအပြားအသုံးပြုလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာအနီးပတ်ဝန်းကျင်တွင် သက်ဆိုင်ရာဆက်သွယ်ရေး တာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာသူ/သား များမှာ ကြိုးမဲ့ ဆက်သွယ်ရေး ဆင်းကဒ်များဖြစ်သော MPT၊ Ooredoo၊ Telenor (၃)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေးအနေဖြင့် စျေးကွက်များနှင့် သတင်းအချက်အလက်များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတများနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန်လွယ်ကူစွာ ရရှိနိုင်ပါသည်။

၆။ ပညာရေး

ဧရယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာတွင် အစိုးရမှ မူလတန်းကျောင်းဖွင့်လှစ်သင်ကြားလျက်ရှိပြီး သွပ်မိုး၊ အုတ်နံကပ်ဖြင့်တည်ဆောက်ထားသော ကျောင်းဆောင်မှာ အရည်အသွေး ကောင်းမွန်ပါသည်။ ကလေးအများစုမှာ ကျောင်းပညာရေးဝန်ဆောင်မှုများကို လက်လှမ်း မှီကြပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှုအစီအစဉ်မှာလည်း နည်းပါးပါသည်။ အတန်း ပညာပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်များနည်းသော်လည်း အလုပ်လုပ်နိုင်သည့်အရွယ် များသောကြောင့် လုပ်ငန်းခွင်ဝင်နိုင်သည့်လူသားအရင်းအမြစ်တစ်ရပ်ပင်ဖြစ်ပါသည်။ လူငယ် များမှာ အလုပ်အကိုင် ရှားပါးမှုနှင့် အသက်မွေးဝမ်းနည်းပညာ အားနည်းခြင်း များကြောင့်၊ သင်တန်းများပို့ချပေးပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သော ရင်းနှီးငွေ/ ချေးငွေများ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများ ဖွင့်လှစ်ဆောင် ရွက်ပါက ဝင်ငွေ အသင့်အတင့်ရလာနိုင် မည်ဖြစ်ပါသည်။

၇။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ဧရယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိသော်လည်း ကျန်းမာရေး မကောင်းလျှင်ဖြစ်စေ၊ အရေးပေါ်လူနာ များရှိခဲ့လျှင်ဖြစ်စေ ကျေးရွာမှ (၂)မိုင်ခန့်ဝေးသော ဧရယျာသီရိမြို့နယ် တိုက်နယ် ကုတင်(၅၀)ဆံ့ဆေးရုံသို့ လည်းကောင်း၊ နေပြည်တော်ကုတင်(၁၀၀၀)ဆံ့ ဆေးရုံသို့ လည်းကောင်း သွားရောက်ကုသကြပါသည်။ ကျေးလက်ပြည်သူများအကြား ဝမ်းပျက် ဝမ်းလျှောနှင့် သွေးလွန်တုတ်ကွေးရောဂါများသည် ရာသီအလိုက်ဖြစ်ပွားမှု အနည်းငယ်ရှိ ပါသည်။ ဖြစ်ပွါးရသော

အကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှားပေးခြင်း၊ ကမ္ဘာ့ကပ်ရောဂါ Covid-19 ရောဂါ ကာကွယ်ရေးတို့အတွက် ကျန်းမာရေး အသိပညာပေးခြင်း တို့အား ဆောင်ရွက်ပေးသင့် ပါသည်။ ကျန်းမာရေးဦးစီးဌာနမှလည်း သတ်မှတ်အရွယ်ရောက်သူတိုင်းအား သတ်မှတ် ကာလ များတွင် ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက် ထိုးပေး လျှက်ရှိပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ဧယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာတွင် သောက်သုံးရေကို ရေတွင်းများ၊ လက်နှိပ်တုံကင်တွင်းများနှင့် အဝီစက်တပ်တွင်းများမှ သုံးစွဲကြပြီး၊ ကျေးရွာရှိ အိမ်ထောင်စုအားလုံအတွက် လုံလောက်မှုရှိသော်လည်း ရေဝါကိုသာစစ်၍ သောက်သုံး ကြရပါသည်။ မြေအောက်ရေအနက်ပေ(၂၀၀')အောက် တူးဖော်မည်ဆိုပါက သန့်ရှင်းသော သောက်သုံးရေကိုရရှိနိုင်ပြီး ပတ်ဝန်းကျင် သန့်ရှင်းရေးပိုင်းတွင် ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ (၉၀)ရာခိုင်နှုန်းရှိသဖြင့် ကျေးရွာသူ/သားများ အနေဖြင့် ကျန်းမာရေးဆိုင်ရာ အသင့်အတင့်ရှိ၍ တစ်ကိုယ်ရည် သန့်ရှင်းရေး ဆိုင်ရာ ကျန်းမာရေး အသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါသည်။

၈။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

ဧယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာတွင် မြေဆီလွှာအနေအထားမှာ သဲနုံးမြေ အမျိုးအစားဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိပ်ခွံ၊ ဘူးခွန်များကို စနစ်တကျမစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှု မြင့်မားသည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်ပါ သည်။ ငါးမျိုးကွဲများ၊ ရှားပါးတိရိစ္ဆာန်များ မရှိပါ။

(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ဧယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာသည် မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်း ကျရောက်သော ကျေးရွာဖြစ်သည့်အလျောက် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ အအေးလွန်ကဲခြင်း၊ မီးဘေးအန္တရာယ်ကျရောက်ခြင်းများ မရှိပါသော်လည်း မြေငလျင်ပြတ်ရွေ့ကျောပေါ်တွင် တည်ရှိသဖြင့် မကြာခဏငလျင်ငယ်များ လှုပ်ခတ်မှုရှိပါသော်လည်း ပျက်ဆီးဆုံးရှုံးမှုမရှိပါ။ လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှုမရှိသေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှုရှိသောကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုမှာ အဆင်ပြေချောမွေ့လျက်ရှိပါသည်။ မှုခင်းများ ကာကွယ်တားဆီးရေးအတွက် မြန်မာရဲတပ်ဖွဲ့မှ အခါအား

လျော်စွာ မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲအား (၁)နှစ်(၁)ကြိမ်ဟောပြော ပြုလုပ်ပေးလျက် ရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ဧယျာသီရိမြို့နယ်၊ သာယာဝှမ်းကျေးရွာတွင် မိဘများသည် သားသမီးများကို ပညာသင်ကြားမှု အပိုင်းတွင် ကျားဖြစ်ခြင်း မဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူပညာသင်ကြားခွင့်ရှိကြပါသည်။ မိသားစုစားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူ အခွင့်အရေးရရှိပါသော်လည်း နေ့စားလုပ်အားခ သတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာ သာရေး နာရေးကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက်ကြွကြွပါဝင်လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေး ဆောင်ရွက်မှုများကြသဖြင့် ကျေးရွာအုပ်ချုပ်ရေး အပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှုသင်တန်းတက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူ အခွင့်အရေးပေးပြီး ဖိတ်ကြားခဲ့သော်လည်း သင်တန်းတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ (၄%)သာရှိပါသည်။ ကျေးလက်နေ လူထု၏ အလုပ်လုပ်နိုင်သော အင်အားထက် ပတ်ဝန်းကျင်မှာ အမျိုးသမီးများဖြစ်ကြပြီး၊ ထိုအမျိုးသမီးထု၏ စွမ်းပကားကို လေ့ကျင့်တိုးမြှင့်ပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ဖြစ်စေပါမည်။ ကျားမဆိုင်ရာ တန်းတူညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့် ကျေးလက်လူထုအတွင်း အသိပညာပေးခြင်းများ တိုးမြှင့် ဆောင်ရွက်ပေးသင့်ပါသည်။ ထိုမှသာ ကားမတန်းတူ ညီမျှမှုနှင့် ကျေးရွာ ဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည် အသက်မွေးဝမ်းကြောင်းသင်တန်းအတွက် တန်းတူအခွင့်အရေးပေးပြီး ဖိတ်ကြားသောလည်း သင်တန်းတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ (၁.၅)ရာနှုန်းသာရှိပါသည်။ ကျေးလက်နေလူထု၏ အလုပ်လုပ်နိုင်သော အင်အားထက်ပတ်ဝန်းကျင်မှာ အမျိုးသမီးများဖြစ်ကြပြီး အမျိုးသမီးထု၏စွမ်းပကားကို လေ့ကျင့်တိုးမြှင့်ပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ဖြစ်စေပါသည်။ ကျား/မဆိုင်ရာတန်းတူညီမျှမှုကိစ္စရပ်များအတွက် မိသားစုနှင့်ကျေးလက်လူထုအတွင်း အသိပညာပေးခြင်းများ တိုးမြှင့်ဆောင်ရွက်ပေးသင့်ပါသည်။ ထိုမှသာ ကျား/မတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ဖြစ်စေပါသည်။

၁၀။ ဦးစားပေး စီမံချက် လုပ်ငန်းများဇယား

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား

နောက်ဆက်တွဲ ၄။ စီမံချက်အဆိုပြုလွှာများ

သာယာဝှမ်းကျေးရွာဦးစားပေးလုပ်ငန်းများ

စဉ်	လုပ်ငန်းအမည်	ဦးစားပေးအဆင့်	မှတ်ချက်
၁။	Box Culvert တည်ဆောက်ခြင်းလုပ်ငန်း	ဦးစားပေး-၁	
၂။	ရိစာလမ်းခင်းခြင်းနှင့်ပြန်ချခြင်း	ဦးစားပေး-၂	
၃။	ကွက်သစ်(၂)လမ်းဘေး ကျောက်စီနံရံ	ဦးစားပေး-၃	
၄။	စာသင်ကျောင်းအုတ်တံတိုင်း	ဦးစားပေး-၄	
၅။	အားကစားကွင်းကျောက်စီနံရံ၊ ၂''ပိုက်သွယ်တန်းခြင်း	ဦးစားပေး-၅	

သာယာဝမ်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	အသက်	ပညာအရည်အချင်း	တာဝန်	မှတ်ချက်
၁။	ဒေါ်သီတာဝင်း	ဦးကြည်	၉/ဇယသ(နိုင်)၀၀၂၅၃၅	၅၄	၁၀တန်း	ဥက္ကဋ္ဌ	
၂။	ဦးအောင်ကိုဦး	ဦးစိုးလွင်	၉/ဇယသ(နိုင်)၁၈၈၄၈၁	၃၂	၁၀တန်း	ဥက္ကဋ္ဌ(ဝယ်)	
၃။	ဦးမောင်ကြည်	ဦးဆန်းမောင်	၉/ဇယသ(နိုင်)၀၁၈၉၄၁	၅၃	၅တန်း	ဘဏ္ဍာရေးမှူး	
၄။	ဦးကိုဌေး	ဦးကြည်	၉/ဇယသ(နိုင်)၂၄၁၃၀၄	၅၁	၈တန်း	အတွင်းရေးမှူး	
၅။	ဒေါ်သန်းသန်းစိုး	ဦးမောင်စိုး	၁၃/ကတန(နိုင်)၀၀၁၅၅၃	၄၅	၄တန်း	စာရင်းကိုင်	
၆။	ဦးဆယ်မောင်	ဦးခလေး	၉/ဇယသ(နိုင်)၀၀၂၃၇၆	၆၀	၄တန်း	အဖွဲ့ဝင်	
၇။	ဒေါ်ကြည်ကြည်မော်	ဦးမားရီ	၉/ပမန(နိုင်)၀၇၄၆၃၀	၅၁	၃တန်း	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(ခ) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (ခ) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၆	၁၅	၃၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၅၉	၅၃	၁၁၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၉၀	၆၄	၁၅၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၇၇	၈၆	၁၆၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၅၄၃	၅၄၆	၁၀၈၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၃	၃၈	၆၁
စုစုပေါင်း		၈၀၈	၈၀၂	၁၆၁၀
စုစုပေါင်း အိမ်ထောင်စု		၃၅၈		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။သာယာဝှမ်းကျေးရွာတွင် လူဦးရေအနေဖြင့် အိမ်ထောင်စုပေါင်း(၃၅၈)စုရှိပြီး ကျား(၈၀၈)ဦး၊ မ(၈၀၂)ဦးဖြင့် လူဦးရေပေါင်း (၁၆၁၀)ဦးရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံး နေထိုင် ပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြသည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားနှင့် အမျိုးသမီး ဦးရေတို့သည် ပျမ်းမျှညီမျှကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅၈	၇၉၀		မြင့် လတ်✓ နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်✓ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၄	**သစ်တောလုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၆၀	၆၀	-	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း	၈၈	၈၈	-	မြင့်✓ လတ် ☐ နိမ့်
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့် လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၀၀	၈၂၀	-	မြင့် ✓ လတ်☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	–	–	–	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၃၅၈	၁၆၁၀		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ သာယာဝတီမြို့နယ်ကျေးရွာတွင် လယ်ယာမြေက (၁၂၁)ဧကရှိပြီး၊ ပဲ၊ နှမ်းသီးနှံကိုသာ အဓိကစိုက်ပျိုး ကြပါသည်။ အခြားသီးနှံများဖြစ်သော စပါး။ သပြေ၊ ခရမ်းချဉ်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် ဆည်ရေကိုသာ အဓိကထား၍ အားကိုး စိုက်ပျိုးကြကြောင်း တွေ့ရှိရ ပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၆၅၀၀	၄၅၀၀

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၅၀၀	၃၅၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၄၀၀၀	၄၀၀၀	၄၀၀၀	၄၀၀၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ သာယာဝှမ်းကျေးရွာတွင် နေ့စားလုပ်ကိုင်ရသော လုပ်ငန်းအမျိုးအစား (၅)မျိုးရှိပြီး၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်အားခ (၁)ရက်ဝင်ငွေမှာ ကျား (၇၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်အားခမှာ(၄၀၀၀)ကျပ်ဖြစ်ပြီး၊ အမျိုးသမီးများ၏ အများဆုံးလုပ်အားခ မှာ (၅၀၀၀)ကျပ်နှင့် အနည်းဆုံး လုပ်အားခမှာ (၄၀၀၀)ကျပ်တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၂၁	ကောင်း ☐	သင့် ✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၈၁	ကောင်း ☐	သင့် ✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၀၂	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးမြေ ပိုင်ဆိုင်မှု စုစုပေါင်းဧကမှာ (၃၀၂) ဧကရှိပါသည်။ ၎င်းတို့အနက် လယ်မြေဧက(၁၂၁)ဧက၊ ယာမြေဧကမှာ(၁၈၁)ဧကတို့ဖြစ်သည်။ လယ်မြေ၊ ယာမြေနှင့် ဥယျာဉ်ခြံမြေများမှာ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါ သည်။ ကျေးရွာတွင် မြေလွတ်မြေရိုင်းများ မရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ✓
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ✓ သင့်☐ နည်း ☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ✓
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ✓ သင့်☐ နည်း ☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ✓
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	☒	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္ထုနှင့်အခြားသဘာဝအရင်းအမြစ်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂ဧကမှ၁၅ဧက	၂၀ဧကမှ၁၀၀ဧက		
အိမ်အခြေအနေ	တိုက်(၂)ထပ်	တစ်ထပ်တိုက်	သွပ်မိုး၊အုတ်ကပ်	ထရံကာ၊ သက်ကယ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ချေလှော်စက်	နွား		
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	ကျေးကျွန်း	ကျေးကျွန်း
အိမ်ထောင်စု	၅	၁၅၃	၁၀၀	၁၀၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ သရက်တောကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၅)၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၁၅၃)၊ မပြေလည်သော အိမ်ထောင်စုမှာ (၁၀၀)နှင့် အလွန်မပြေလည်သော အိမ်ထောင်စုမှာ (၁၀၀) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်မှုနည်းပြီး၊ မိသားစုစားဝတ်နေရေး အတွက် ကျပန်းလုပ်ငန်းများ လုပ်ကိုင်နေကြရပါသည်။ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အတတ်ပညာများ တတ်မြောက်မှုနည်းပါခြင်းနှင့် အရင်းအနှီး မရှိခြင်းတို့သည် အဓိက အခက်အခဲ များဖြစ်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = လုပ်အားခကြိုယူ =

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၆၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ရှိ လုပ်အားခကြိုယူ = ရှိ
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။သာယာစုကျေးရွာတွင်(၃)လနှင့်၆လကြားဝမ်းစာဖူလုံသည့် အိမ်ထောင်စုမှာ(၁၆.၇၆%) ရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းအိမ်ထောင်စုများသည် လုပ်အားခကြိုတင်ယူခြင်း၊ ချေးယူခြင်းဖြင့် ဝမ်းစာအတွက် ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ အိမ်ထောင်စု အများစုသည် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့် တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
	သဘာဝဘေးအန္တရာယ်များ				
၁	မြစ်ရေကြီးမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂	ရေကြီးခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ
၃	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၅	အပူလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၆	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၈	မိုးသီးမုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ				
၈	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ✓	မရှိ
၉	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ ရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေးအဖြစ် ဆည်ရေကိုသာသုံးစွဲရသဖြင့် စားနပ်ရိက္ခာဖူလုံမှု ရှိပါသည်။ ရာသီကူးပြောင်းမှု များတွင် ခွာနာ၊ လျှာနာရောဂါ စသည့် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဝက်တုပ်ကွေး ရောဂါ များ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ✓	နိမ့်	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
	accident) တွင် နေထိုင်သူများ				
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်ခံရနိုင်သော လူအုပ်စုများ လူငယ်၊ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုလက်လုပ်လက်စား ကျပန်း လုပ်ကိုင်သူများနှင့် ကားမောင်းပြီး အသက်မွေးသူများသည် မိသားစုအတွက် အဓိကလုပ်ကိုင်နေရသောကြောင့် လုပ်ငန်းခွင်တွင် ထိခိုက်နိုင်ခြင်း၊ ဆိုင်ကယ်လအသုံးပြုသောသူများနှင့် ကားမောင်းသောသူများသည် မတော်တဆဖြစ်နိုင် ခြေများသောကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်

	အမည်	(မှန်ရာတစ်ခုကိုသာ ရွေးရန်)	ကျား	မ	ပေါင်း	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
၁	ပရဟိတ	၁✓ ၂☐ ၃☐	၄၀	၃၀	၇၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ မည့် ☐
၂	မီးလင်းရေး	၁✓ ၂ ၃☐	၉	၃	၁၂	ပညာရေး ✓ ငွေကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ မည့် ☐
၃	လူမှုရေး	၁☐ ၂✓ ၃☐	၉	၃	၁၂	ပညာရေး ✓ ငွေကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ မည့် ☐
၄	အမျိုးသမီး ရေးရာအဖွဲ့	၁☐ ၂✓ ၃	-	၉	၉	ပညာရေး ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း ☐ သင့် ✓ မည့် ☐
၅	ဖွံ့ဖြိုးရေး အဖွဲ့	၁☐ ၂ ၃✓	၅	၂	၇	ပညာရေး ✓ ငွေကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း ☐ သင့် ✓ မည့် ☐
၆	မီးသတ် အဖွဲ့	၁☐ ၂ ၃✓	၄	-	၄	ပညာရေး ✓ ငွေကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း ☐ သင့် ✓ မည့် ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူမှုရေးအခြေပြုအဖွဲ့အစည်း(၆)ဖွဲ့ရှိပြီး ၎င်းအဖွဲ့ အစည်းအားလုံး၏ စွမ်းဆောင်မှုသည် အသင့်အတင့်ရှိကြောင်း တွေ့ရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	လျှပ်စစ်	၁✓ ၂□ ၃ □ ၄□ ၅□ ၆□ ၇□	ပညာရေး ✓ ငွေကြေး □ ကျန်းမာရေး ✓ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓
၂	ရဲစခန်း	၁□ ၂ ၃ ၄✓ ၅□ ၆□ ၇□	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓
၃	ကျန်းမာရေး	၁✓ ၂□ ၃ ၄□ ၅□ ၆□ ၇□	ပညာရေး ✓ ငွေကြေး ✓ ကျန်းမာရေး✓ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓
၄	စိုက်ပျိုးရေး၊မွေး/ကု	၁□ ၂□ ၃✓ ၄□ ၅□ ၆□ ၇□	ပညာရေး ✓ ငွေကြေး ✓ ကျန်းမာရေး✓ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅	မီးသတ်	၁□ ၂□ ၃✓ ၄□ ၅□ ၆□ ၇□	ပညာရေး ငွေကြေး □ ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး
၆	လ.ဝ.က	၁□ ၂□ ၃✓ ၄□ ၅□ ၆□ ၇□	ပညာရေး ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့များနှင့် ချိတ်ဆက်မှု အနည်းငယ်သာရှိပါသည်။ ပြင်တွင်းပြည် ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ဆက်စပ်မှု မရှိဘဲ အားနည်းသည်ကို လေ့လာတွေ့ရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၀၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား		တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၀၀	တောင်သူလတ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၃၅၈	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၂၀၀)၊ ရှိပြီး မြေယာရှိအိမ်ထောင်စုမှာ (၁၅၈)ရှိပြီး စိုက်ပျိုးမြေများတွင် နေ့စား အငှါးလိုက်ခြင်း၊ ကျပန်းလုပ်ငန်းများတွင် နေ့စားအငှါးလုပ်ကိုင် လျှက်ရှိကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၃၅၈	တစ်နှစ်ပတ်လုံး✓ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ✓ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက် မဖြေဆိုပါ□	ရှိ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက် မဖြေဆိုပါ□	ရှိ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ□	ရှိ မရှိ□ မဖြေဆိုပါ □
၆	လက်ငင် ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက် မဖြေဆိုပါ□	ရှိ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ရေဆင်းဆည်မှဆည်ရေအား အဓိကထား၍ ရေသွင်းစိုက်ပျိုးရေးကို လုပ်ကိုင်ကြပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ဧကော အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျှမ်း မျှ	မှ	ထိ		
ပြောင်း	၇၀	တင်း	၅၀	၉၀	၄၀			မြင့်□ လတ်✓ နိမ့်□	မြင့်✓ လတ်□ နိမ့်□
နှမ်း	၃၀	တင်း	၆	၁၅	၇			မြင့်□ လတ်✓ နိမ့်□	မြင့် လတ်✓ နိမ့်□
မြေပဲ	၅၈	တင်း	၄၀	၆၀	၄၅			မြင့်□ လတ်✓ နိမ့်□	မြင့် လတ်□ နိမ့်✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အဓိကစိုက်ပျိုးသော သီးနှံများမှာ ပြောင်း၊ ပဲနှင့် နှမ်းတို့ စိုက်ပျိုးကြပါသည်။ အဓိကသီးနှံများ စိုက်ပျိုးရာတွင် အသင့်အတင့်ထွက်ရှိသော်လည်း သွင်းအားစု မြင့်မားပြီး ရောင်းချရာတွင် ဈေးကွက် မတည်ငြိမ်မှုကြောင့် အမြတ်ရရှိမှု နည်းပါးသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၈	–	–	၁၃၁
လက်တွန်းထွန်စက်		–	–	
အစေ့ချ ကိရိယာ	–	–	–	
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	
ရိတ်သိမ်းစက်	–	–	–	၅
ခြွေလှေ့စက်	–	–	–	
ရေစုပ်စက်	–	–	–	၃
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	–	–	–	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှုနည်းကြောင်း အသင့်အတင့် ရှိပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း✓ သင့်တင့်မျှတ
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓
စိုက်ပျိုးရေ အရင်းအမြစ်	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓
လုပ်သားရရှိနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓

ရင်းမြစ် ... (၁)ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ သဘာဝရေမြေရာသီဥတု အနေအထားမှာ အသင့် အတင့် ရှိကြောင်းတွေ့ရပါသည်။ သီးနှံမျိုးစေ့များ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒ သွင်းအားစုများ ဝယ်ယူရရှိနိုင်ပါသည်။ လုပ်သားရရှိနိုင်မှုမှာလည်း ကျေးရွာတွင် အလွယ်တကူ ရရှိနိုင်ကြောင်း တွေ့ရပါသည်။ သီးနှံစျေးကွက်နှင့် ကုန်သွယ်မှုတွင် သီးနှံများကို ရောင်းချနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်✓
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ✓
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ✓ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ✓ အနည်းငယ် ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

